၁။ မိဘများဟာ သူတို့ပစ္စည်းကို အမွေခံမည့်သူ မရှိရစ်မှာ စိုးလို့ သားကောင်း ကလေးများကို ရဟန်းမပြုစေချင်တဲ့ အကြောင်း တွေ့ရတယ် မဟုတ်လား၊ ဒါပေမဲ့ ယခုအခါ အိမ်မှာ အသုံးကျပုံ မရတဲ့ အဖျင်း အအ သားကိုတော့ ရဟန်းပြုစေချင်ကြပါတယ်။

၂။ အရှင်သာရိပုတြာလို သာသနာတော် ဂုဏ်ရှိစေလိုသော ရဟန်းတော်များကလဲ ဉာဏ်နဲ့ လုံ့လဝီရိယနဲ့ ပြည့်စုံသော အမျိုးသားကလေးများကိုသာ ရဟန်း သာမဏေဖြစ်စေ ချင်ကြတယ်၊ ဒါမှ သာသနာတော် အဆင့်အတန်း မြင့်မယ်။

၃။ သတို့သားရေဝတက အဖွားကြီးနှင့် သူငယ်မကို နှိုင်းယှဉ် ကြည့်ပြီး စိတ်ပျက်တယ်မဟုတ်လား၊ လောကကြီးဟာ စိတ်ပျက်စရာချည်းဘဲ၊ အသက်မရှည်ဘဲ သန်သန်မာမာ အရွယ်၌ သေတော့လဲ ကုသိုလ်နဲလို့ အသက်ငယ်ငယ်နဲ့ သေရသတဲ့၊ ကုသိုလ်ကောင်းလို့ အသက်ကြီးကြီး နေရ ပြန်တော့လဲ သွားကျိုး ဆံဖြူ နားအူ မျက်စိမှုံ အသား အရေတွေ တွန့်တွဲ၍ မစားနိုင် မအိပ်နိုင်အောင် အိုခြင်း ဆင်းရဲကို ခံရပြန်တယ်၊ ဒီတော့ လောကကြီး တခုလုံး ကိုက မကောင်းလောက ဖြစ်သည့်အတွက် ငယ်ငယ် သေရလဲ မကောင်း၊ကြီးအောင် နေရလဲ မကောင်းဘူး။

၄။ ဒါကြောင့် ကိုရင်များလဲ ကိုရင်ရာဟုလာ ကိုရင်ရေဝတ တို့ကို အားကျပြီး သူတော်ကောင်းလိုနေ၍ သူတော် ကောင်းလို သေရတာဟာ အမြတ်ဆုံးလို့မှတ်ထားကြပါ။